# ရာထူးတိုးမြှင့်ရေးဆိုင်ရာအဆိုပြုတင်ပြလာမှုများအပေါ် စိစစ်သဘောတူညီချက်ပြန်ကြားဆောင်ရွက်ခြင်း

၁။ ပြည်ထောင်စုရာထူးဝန်အဖွဲ့သည် ပြည်ထောင်စုရာထူးဝန်အဖွဲ့နည်းဥပဒေများ၊ နည်းဥပဒေ (၂၂) မှ (၂၈) ထိ ပြဋ္ဌာန်းချက်များနှင့် နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများ၊ နည်းဥပဒေ၁၄(ဂ) ၊ ၁၄(ဂ)၊ ၁၇ နှင့် ၄၃ တို့ပါ ပြဋ္ဌာန်းချက်များနှင့်အညီ ဝန်ကြီးဌာနနှင့် အဖွဲ့အစည်းများရှိ ဌာနတွင်းအမှုထမ်း (လစာနှုန်း၊ ၂၃၄၀၀၀-၂၀၀၀-၂၄၄၀၀၀) အဆင့် နှင့် ( လစာနှုန်း၊ ၂၁၆၀၀၀-၂၀၀၀-၂၂၆၀၀၀ )အဆင့်များအား ပြန်တမ်းဝင်အရာရှိ( လစာနှုန်း၊ ၂၇၅၀၀၀-၄၀၀၀-၂၉၅၀၀၀ )အဆင့် လစ်လပ်ရာထူးနေရာများ၌ ရာထူးတိုးမြှင့်ခန့်ထားနိုင်ရေးအတွက် ပေးပို့လာသည့် အဆိုပြုချက်များကို စနစ်တကျစိစစ်ပြီး ပြည်ထောင်စုရာထူးဝန်အဖွဲ့၊ အဖွဲ့အစည်းအဝေးများတွင်တင်ပြ၍ သက်ဆိုင်ရာဝန်ကြီးဌာနနှင့် အဖွဲ့အစည်းများထံသို့ ရာထူးတိုးမြှင့်ခန့်ထားရန် သဘောတူညီချက်ပြန်ကြားပေးခဲ့ပါသည်။

၂။ ၁၅ - ၁၂ - ၂၀၂၁ ရက်နေ့တွင် ကျင်းပခဲ့သည့် ပြည်ထောင်စုရာထူးဝန်အဖွဲ့၊ အစည်းအဝေးအမှတ်စဉ် ( ၃၈ / ၂၀၂၁)၌ အောက်ဖော်ပြပါ ဝန်ကြီးဌာနနှင့်အဖွဲ့အစည်း(၇)ခုမှ ပေးပို့လာသော ရာထူးတိုးမြှင့်ရေး အဆိုပြုချက်(၈)ခုပါ သတ်မှတ်လုပ်သက်ပြည့်မီသည့်ဝန်ထမ်း (၇၇)ဦးတို့အား တိုးမြှင့်ခန့်ထားရန် သဘောတူညီခဲ့ပါသည် -

| စဉ် | ဝန်ကြီးဌာနနှင့် အဖွဲ့အစည်း | အဆိုပြု ဝန်ထမ်းဦးရေ | အဆိုပြုသည့်ဝန်ကြီးဌာနနှင့် အဖွဲ့အစည်းများ၏ စီမံခန့်ခွဲမှု ကော်မတီအစည်းအဝေးမှ ရာထူးတိုးမြှင့်ခန့်ထားရန် သဘောတူညီခဲ့သည့်နေ့ရက် | ပြည်ထောင်စု ရာထူးဝန်အဖွဲ့မှ အဆိုပြုချက်လက်ခံ ရရှိသည့်နေ့ရက် | လိုအပ်သည့် အချက်အလက်များ ပြီးပြည့်စုံသည့် နေ့ရက် | ပြည်ထောင်စုရာထူးဝန် အဖွဲ့ အစည်းအဝေးက သဘောတူညီခဲ့သည့် နေ့ရက်နှင့်အမှတ်စဉ် |
|---|---|---|---|---|---|---|
| ၁။ | ပြည်ထဲရေးဝန်ကြီးဌာန<br>- မီးသတ်ဦးစီးဌာန | (၅၄)ဦး | ၃၀-၁၁-၂၀၂၁ | ၉-၁၂-၂၀၂၁ | ၁၃-၁၂-၂၀၂၁ | ၁၅-၁၂-၂၀၂၁<br>(၃၈/၂၀၂၁) |

| စဉ် | ဝန်ကြီးဌာနနှင့် အဖွဲ့အစည်း | အဆိုပြု ဝန်ထမ်း ဦးရေ | အဆိုပြုသည့်ဝန်ကြီးဌာနနှင့် အဖွဲ့အစည်းများ၏ စီမံခန့်ခွဲမှု ကော်မတီအစည်းအဝေးမှ ရာထူးတိုးမြှင့်ခန့်ထားရန် သဘောတူညီခဲ့သည့်နေ့ရက် | ပြည်ထောင်စု ရာထူးဝန်အဖွဲ့မှ အဆိုပြုချက်လက်ခံ ရရှိသည့်နေ့ရက် | လိုအပ်သည့် အချက်အလက်များ ပြီးပြည့်စုံသည့် နေ့ရက် | ပြည်ထောင်စုရာထူးဝန် အဖွဲ့ အစည်းအဝေးက သဘောတူညီခဲ့သည့် နေ့ရက်နှင့်အမှတ်စဉ် |
|---|---|---|---|---|---|---|
| ၂။ | စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန | | | | | |
| | - ပြည်ထောင်စုဝန်ကြီးရုံး | (၃)ဦး | ၂၆-၁၁-၂၀၂၂ | ၈-၁၂-၂၀၂၂ | ၁၀-၁၂-၂၀၂၂ | ၁၅-၁၂-၂၀၂၂ (၃၈/၂၀၂၂) |
| ၃။ | ပြန်ကြားရေးဝန်ကြီးဌာန | | | | | |
| | (က) ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန | (၁)ဦး | ၁၂-၁၁-၂၀၂၂ | ၂၄-၁၁-၂၀၂၂ | ၈-၁၂-၂၀၂၂ | ၁၅-၁၂-၂၀၂၂ (၃၈/၂၀၂၂) |
| | (ခ) မြန်မာ့အသံနှင့်ရုပ်မြင်သံကြား | (၁)ဦး | ၃၀-၁၁-၂၀၂၂ | ၈-၁၂-၂၀၂၂ | ၁၀-၁၂-၂၀၂၂ | ၁၅-၁၂-၂၀၂၂ (၃၈/၂၀၂၂) |
| ၄။ | ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန | | | | | |
| | - မြန်မာ့ဆိပ်ကမ်းအာဏာပိုင် | (၁)ဦး | ၁၉-၁၁-၂၀၂၂ | ၆-၁၂-၂၀၂၂ | ၈-၁၂-၂၀၂၂ | ၁၅-၁၂-၂၀၂၂ (၃၈/၂၀၂၂) |
| ၅။ | လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန | | | | | |
| | - ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်း | (၁)ဦး | ၂၈-၉-၂၀၂၂ | ၇-၁၂-၂၀၂၂ | ၉-၁၂-၂၀၂၂ | ၁၅-၁၂-၂၀၂၂ (၃၈/၂၀၂၂) |

| စဉ် | ဝန်ကြီးဌာနနှင့် အဖွဲ့အစည်း | အဆိုပြု ဝန်ထမ်း ဦးရေ | အဆိုပြုသည့်ဝန်ကြီးဌာနနှင့် အဖွဲ့အစည်းများ၏ စီမံခန့်ခွဲမှု ကော်မတီအစည်းအဝေးမှ ရာထူးတိုးမြှင့်ခန့်ထားရန် သဘောတူညီခဲ့သည့်နေ့ရက် | ပြည်ထောင်စု ရာထူးဝန်အဖွဲ့မှ အဆိုပြုချက်လက်ခံ ရရှိသည့်နေ့ရက် | လိုအပ်သည့် အချက်အလက်များ ပြီးပြည့်စုံသည့် နေ့ရက် | ပြည်ထောင်စုရာထူးဝန် အဖွဲ့ အစည်းအဝေးက သဘောတူညီခဲ့သည့် နေ့ရက်နှင့်အမှတ်စဉ် |
|---|---|---|---|---|---|---|
| ၆။ | စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့<br>- စစ်ကိုင်းတိုင်းဒေသကြီးစည်ပင်သာယာရေး အဖွဲ့နှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့များ | (၁၅)ဦး | ၂၆-၁၁-၂၀၂၁ | ၆-၁၂-၂၀၂၁ | ၈-၁၂-၂၀၂၁ | ၁၅-၁၂-၂၀၂၁<br>(၃၈/၂၀၂၁) |
| ၇။ | မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့<br>- မကွေးတိုင်းဒေသကြီးကုန်တင်ကုန်ချကော်မတီရုံး | (၁)ဦး | ၆-၁၀-၂၀၂၁ | ၂၆-၁၁-၂၀၂၁ | ၁၀-၁၂-၂၀၂၁ | ၁၅-၁၂-၂၀၂၁<br>(၃၈/၂၀၂၁) |